# Fourth Sunday of Lent - Year A

## ဝါတွင်းစတုတ္ထတနင်္ဂနွေနေ့။

**ပထမကျမ်း။**

**"ဒါဝိဒ်သည်အစ္စရေးဘုရင်အဖြစ်ဘိသိက်စံယူသည်"။**

*ပထမဆာမြူအဲ- ၁၆၊၁နှင့် (၆-၇)၊ (၁၀-၁၃)။ (ဓမ္မရာဇဝင်ပထမစောင်)*

သခင်ဘုရားသည် ဆာမြူအဲအားသင်၏ဘူးကိုဆီဖြင့် ဖြည့်၍လာလော့။ သင့်ကိုဗက်သလေဟင်မြို့ရှိ အီဇာအီထံသို့ ငါစေလွှတ်၏။ အကြောင်းမူကားသူ၏သားများထဲမှ ဘုရင်တစ်ပါးကိုငါကိုယ်တိုင်ရွေးချယ်ခဲ့ပြီ။ ဆာမြူအဲသည် ထိုအရပ်သို့ ရောက်သောအခါ အေလီအပ်ကိုမြင်လျှင် စင်စစ်သခင်ဘုရားဘိသိက်ပေးခဲ့သောသူသည် ဤသူဖြစ်မည်ဟုအထင်ရှိ၏။ သို့ရာတွင် သခင်ဘုရားက သူ၏မျက်နှာနှင့်သူ၏အရပ်ကိုမကြည့်နှင့်။ သူ့ကိုငါပယ်ခဲ့ပြီ။ ဘုရားသခင်သည် လူမြင်သကဲ့သို့ မမြင်။ လူသည်ရုပ်အဆင်းကို ကြည့်တတ်၏။ သခင်ဘုရားသည် နှလုံးသားကိုကြည့်ရှုတတ်၏ဟု ဆာမြူအဲအား မိန့်တော်မူ၏။ ထို့ကြောင့် တစ်ဖန်အီဇာအီသည် သားခုနစ်ယောက်တို့ကို ဆာမြူအဲ ရှေ့သို့ခေါ်သွင်းလေ၏။ ကျန်သူများထဲမှ သခင်ဘုရားသည် ရွေးကောက်တော်မမူဟု ဆာမြူအဲကဆို၏။ သင့်မှာဤသားများသာ ရှိသလောဟုအီဇာအီအား ဆာမြူအဲကမေးသောအခါ သူကအငယ်ဆုံးတစ်ယောက် ကျန်ပါသေးသည်။ သူသည်သိုးကျောင်းထွက်နေပါသည်ဟု ပြန်ပြောလေ၏။ ဆာမြူအဲက သူ့ကိုခေါ်ခိုင်းပါ။ သူမလာမချင်းကျွန်ုပ်တို့အစာစားကြမည်မဟုတ်ဟုအီဇာအီအား ပြောလေ၏။ အီဇာအီသည်လည်း သူ့ကိုခေါ်ခိုင်း လိုက်၏။ သူသည်အသားအရေသန့်ပြန့်၍လှပသောမျက်လုံးများနှင့် နှစ်သက်ဖွယ်သော အနေအထားရှိ၏။ သခင်ဘုရားက ဤသူပေတည်း။ ထ၍ဘိသိက်ပေးလော့ဟုမိန့်တော်မူ၏။ ဆာမြူအဲသည် ဆီဘူးကိုယူ၍ သူ၏အစ်ကိုတို့၏ ရှေ့တွင်သူ့ကိုဘိသိက်ပေးလေ၏။ ထိုနေ့မှစ၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဒါဝိဒ်အပေါ်သို့ သက်ရောက်၍ သူနှင့်အတူနေတော်မူ၏။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***

**ဆာလံသီချင်းကျူးခြင်း။**

ဆာလံ–၂၂၊

သံပြိုင်။ ။သခင်ဘုရားသည် ကျွန်ုပ်ကိုစောင့်ရှောက်ထိန်းသိမ်းတော်မူ၏။ ကျွန်ုပ်၌မည်သည့်အရာမျှ လိုလေသေး ရှိမည်မဟုတ်။

- သခင်ဘုရားသည်ကျွန်ုပ်ကိုစောင့်ရှောက်ထိန်းသိမ်းတော်မူ၏။ ကျွန်ုပ်၌ မည်သည့်အရာမျှ လိုလေသေး ရှိမည် မဟုတ်။ စိမ်းလန်းစိုပြေ သောစားကျက်၌ ကျွန်ုပ်ကိုထားတော်မူ၏။ ဆိတ်ငြိမ်သော ရေအိုင်နားသို့ ကျွန်ုပ်ကို ခေါ်ဆောင်တော်မူ၍ ကျွန်ုပ်၏စိတ်ကိုငြိမ်းအေးစေတော်မူ၏။ (သံပြိုင်)
- ကိုယ်တော်သည် မိမိ၏နာမတော်ကိုထောက်၍ ကျွန်ုပ်အားလမ်းမှန်ကိုညွှန်ပြတော်မူ၏။ အကြောင်းမူကား သေမင်း၏အရိပ် ချိုင့်ဝှမ်းတွင်ကျွန်ုပ်လျှောက်မိလေသော် မည်သည့်ဘေးရန်ကိုမျှ ကျွန်ုပ်ကြောက်ရွံ့မည် မဟုတ်၊ ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူရှိတော်မူ၏။ ကိုယ်တော်၏တောင်ဝှေးသည် ကျွန်ုပ်အဖို့နှစ်သိမ့်စရာဖြစ်ပေ၏။ (သံပြိုင်)
- ကိုယ်တော်သည်ကျွန်ုပ်အား ဒုက္ခပေးကြသောသူတို့ကို ဆန့်ကျင်ဘက်ကျွန်ုပ်၏မျက်မှောက်၌ စားပွဲတော်ကို ခင်းကျင်းတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်၏ဦးခေါင်းကို ဆီနှင့်လိမ်းကျံတော်မူ၏။ ကျွန်ုပ်၏ဖလားတော်ကိုလည်း ပြည့်လျှံစေတော်မူ၏။ (သံပြိုင်)
- အကြောင်းမူကား ကောင်းမြတ်ခြင်းနှင့်ကရုဏာသည် ကျွန်ုပ်အသက်ရှင်သမျှကာလပတ်လုံး ကျွန်ုပ်၌တည်နေလိမ့်မည်။ ကျွန်ုပ်သည်လည်း ကိုယ်တော်၏ဗိမာန်တော်၌ အစဉ်အမြဲနေထိုင်ပါမည်။ (သံပြိုင်)

**ဒုတိယကျမ်း။**

## “သေခြင်းမှထမြောက်လော့။ ခရစ်တော်သခင်သည်သင့်အားအလင်းပေးတော်မူလိမ့်မည်။”

*မွန်မြတ်သောတပည့်တော်ကြီးသံပေါလူးအေဖေစီမြို့သားတို့ထံရေးသောစာ။ (၅၊၈မှ၁၄ အထိ)*

ညီအစ်ကိုတို့၊

သင်တို့သည်အထက်ကျော်ကာလက မှောင်မိုက်အတိဖြစ်ခဲ့ကြသည်။ ယခုအချိန်တွင် ဘုရားသခင်၌ အလင်းဖြစ်ကြသည်။ သို့ဖြစ်၍အလင်း၏သားကောင်းရတနာများ ပီသစွာကျင့်ကြလော့။ အလင်း၏အကျိုးများသည် အားလုံးစုံလင်ကောင်းမြတ်ခြင်း၊ တရားမျှတခြင်း၊ မှန်ကန်ခြင်းတို့၌တွေ့ရသည်။ ဘုရားသခင်နှစ်သက်သောအရာသည် အဘယ်အရာဖြစ်သည်ကိုတွေ့အောင်ရှာကြ လော့။ အကျိုးမဲ့သောအမိုက်မှောင်၏လုပ်ငန်းစဉ်များ၌ မပါဝင်ကြနှင့်။ ထိုမျှမက ထိုအမိုက်မှောင်၏မကောင်းလမ်းစဉ်များကို ဖော်ထုတ်၍ခုခံကာကွယ်ကြလော့။ ထိုသူတို့ဆိတ်ကွယ်ရာ၌ လျှို့ဝှက်စွာကျင့်သောမကောင်းမှုများကို နှုတ်ဖြင့်ပြောဆိုရန်ပင် ရှက်ဖွယ်ကောင်းလှ၏။ အလင်းရောင်၌ ခင်းကျင်းထားသောအရာဟူသမျှတို့သည် ထွန်းလင်းကြသည်။ ထိုထွန်းလင်းသောအရာဟူသမျှ သည်လည်း အလင်းရောင် ဖြစ်လာကြသည်။ ထို့ကြောင့် “အိပ်နေသောသူ အိပ်ရာမှထလော့။ သေခြင်းမှထမြောက်လော့။ ခရစ်တော် သခင်သည် သင့်အားအလင်းပေးတော်မူလိမ့်မည်” ဟုအဆိုရှိသည်။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဓမ္မဂေလီကျမ်းမဖတ်မီကြွေးကြော်သံ။ (သံယောဟန်– ၈း၁၂)**

ငါသည်လောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည်ထာဝရအသက်၏ အလင်းကိုရလိမ့်မည်။

**ဓမ္မဂေလီကျမ်း**

## "သွား၍ဆေးသဖြင့်မြင်လျက်ပြန်လာ၏"

*သံယောဟန်ရေးသောသန့်ရှင်းသော ဧဝံဂေလီကျမ်း၊ (၉း၁မှ၄၁ အထိ)။*

ထိုကာလ၌ ယေရှုသည်လျှောက်သွားတော်မူစဉ် မွေးကတည်းက မျက်စိကန်းသောလူတစ်ယောက်ကို မြင်တော်မူ၏။ တပည့်တော်တို့ကလည်း ရာဗီ ဤသူမျက်စိကန်းမွေးခြင်းသည်အဘယ်သူပြစ်မှားမိသနည်း။ ဤသူလော။ သို့တည်းမဟုတ်သူ၏ မိဘများလော ဟုမေးလျှောက်ကြ၏။ ယေရှုပြန်၍မိန့်တော်မူသည်ကား ဤသူသည်ပြစ်မှား မိသည်မဟုတ်၊ သူ၏မိဘများလည်းမဟုတ်။ ဘုရားသခင်အမှုတော်ကိုသူ၌ ထင်ရှားစေမည့် အကြောင်းသာဖြစ်သတည်း။ ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုများကို နေ့ရှိသည်အခိုက်ငါပြုရသည်။ အဘယ်သူမျှမလုပ်ဆောင်နိုင်သော ညကာလရောက်လိမ့်မည်။ ဤလောက၌ ငါရှိသမျှကာလပတ်လုံးငါသည် ဤလောက၏အလင်းဖြစ်၏။ ထိုသို့မိန့်တော်မူ ပြီးလျှင် မြေပေါ်၌ထွေး၍တံတွေးနှင့် ရွှံ့လုပ်ပြီးမှ သူ၏မျက်စိကိုရွှံ့နှင့် လူး၍ သူ့အားမိန့်တော်မူသည်ကားသွားလော့။ (စေလွှတ်သည်ဟုအဓိပ္ပါယ်ရသော) ရှိလောရေကန်၌သင့်ကိုဆေးလော့။ သူသည်လည်းသွား၍ ဆေးလျှင် မျက်စိ မြင်လျက်လာလေ၏။ ထိုကြောင့်အိမ်နီးချင်းတို့မှစ၍ သူသည်အရင်က တောင်းစားနေသည်ကိုမြင်ဖူးသောသူတို့က ဤသူသည် ထိုင်လျက်တောင်းစားနေဖူးသည် မဟုတ်လောဟု ဆိုကြ၏။ အချို့ကသူပင်တည်းဟုဆိုကြ၏။ အချို့မူကား မဟုတ်၊သူနှင့်သာတူ၏ဟုဆိုကြ၏။ သူကမူကား ကျွန်ုပ်ပင် ထိုသူဖြစ်သည်ဟုဆို၏။ ထိုအခါသူတို့က သင်၏မျက်စိသည် အဘယ်သို့ပွင့်သနည်းဟု သူ့အားဆိုကြ၏။ သူကယေရှုဟု ခေါ်သောသူသည်ရွှံ့ကိုလုပ်၍ ကျွန်ုပ်မျက်စိကိုလူးပြီးလျှင် ရှိလောရေကန်၌သွား၍ သင့်ကိုဆေးချေလော့ဟု ကျွန်ုပ်အားဆိုလျှင် ကျွန်ုပ်သည်လည်းသွား၍ ဆေးသဖြင့်မျက်စိမြင်ရပါ သည်ဟုပြန်ပြော၏။ သူတို့က ထိုသူဘယ်မှာ ရှိသနည်းဟုဆိုကြ၏။ ကျွန်ုပ်မသိဟုဆို၏။ ထိုအခါမျက်စိကန်းဖူးသော ထိုသူကိုဖာရိရှဲဦးတို့ထံပို့ဆောင်ကြ၏။ ယေရှုသည်ရွှံ့လုပ်၍ ထိုသူ၏မျက်စိကိုပွင့်စေ တော်မူသောနေ့သည်ကား ဥပုသ်နေ့ဖြစ်၏။ တစ်ဖန်ဖာရိရှဲဦးတို့က အဘယ်သို့မျက်စိမြင်ရသနည်းဟု သူ့ကိုမေးကြလျှင်သူကကျွန်ုပ်၏မျက်စိ၌ ရွှံ့ကိုတည့်၍ ကျွန်ုပ်သည်ရေဆေးလျှင် ကျွန်ုပ်မြင်ရသည်ဟုသူတို့အားဆို၏။ ထိုအခါဖာရိရှဲဦးတို့တွင် အချို့သောသူတို့က ဥပုသ်မစောင့်သောထိုသူသည် ဘုရားသခင်ထံမှဖြစ်သည် မဟုတ်ဟုဆိုကြ၏။ အချို့တို့ကမူကား အပြစ်ရှိသောသူသည် ထိုတန်ခိုးလက္ခဏာများကို အဘယ်သို့ပြုနိုင်သနည်းဟုဆိုကြ၍ သူတို့၌ ကွဲပြားခြင်းရှိ၏။ တစ်ဖန်သူတို့က သင်၏မျက်စိကို ပွင့်စေသောသူ၏အကြောင်းကို သင်သည် အဘယ်သို့ဆိုသနည်းဟု မျက်စိကန်းဖူးသောသူအား ဆိုကြလျှင် သူသည် ပရောဖက်ဖြစ်၏ဟုသူဆို၏။ ဂျူဒေဦးတို့မူကား ထိုသူသည် မျက်စိကန်းဖူး၍ မျက်စိမြင်ရကြောင်းကို မျက်စိမြင်ရသော သူ၏မိဘများကို မခေါ်ရမချင်းမယုံကြ။ ထိုသူတို့ကိုမေး၍ဆိုကြသည်မှာ မွေးကတည်းကပင် မျက်စိကန်းသည်ဟု သင်တို့ဆိုကြသောဤသူသည် သင်တို့၏သားမှန်သလော။ သို့ဖြစ်လျှင် ယခုအဘယ်သို့ မျက်စိမြင်ရသနည်း။ မိဘတို့ကပြန်ပြော၍ဆိုသည်မှာ ဤသူသည်ကျွန်ုပ်တို့၏ သားမှန်ကြောင်းကို လည်းကောင်း၊ မွေးကတည်းကပင် မျက်စိကန်းကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့သိပါ၏။ ယခုမူကား အဘယ်သို့ မျက်စိမြင်ရကြောင်း၊ အဘယ်သူသည် သူ၏မျက်စိ ကိုပွင့်စေကြောင်းကို ကျွန်ုပ်တို့မသိပါ။ သူ့ကိုကိုယ်တိုင် မေးမြန်းကြပါလော့။ အသက်အရွယ်ရောက်ပြီ။ မိမိအကြောင်းကိုကိုယ်တိုင်ပြောပါစေ။ ထိုစကားကိုမိဘတို့သည် ဂျူဒေဦးတို့ကို ကြောက်သောကြောင့် ဆိုကြ၏။

အကြောင်းမူကား ကိုယ်တော်သည် ခရစ္စတူးဖြစ်သည်ဟု တစ်စုံတစ်ယောက် ဝန်ခံလျှင် ထိုသူကိုတရားဇရပ်မှ နှင်ထုတ်ရမည်ကိုဇူဒေဦးတို့သည် အချင်းချင်း တိုင်ပင်ထားကြ၏။ ထို့ကြောင့်သူ၏ မိဘတို့က သူသည်အသက် အရွယ်သို့ရောက်ပြီ။ သူ့ကိုယ်တိုင်ကို မေးမြန်းကြလော့ဟုဆိုကြ၏။ သို့ဖြစ်၍ မျက်စိကန်း ဖူးသောသူကိုတစ်ဖန်ခေါ်ကြ၍ ဘုရားသခင် ဂုဏ်တော်ကိုချီးမွမ်းလော့။ ထိုသူသည် အပြစ်ရှိသောသူဖြစ်သည်ကို ငါတို့သိကြ၏ဟု ဆိုကြ၏။ သူကလည်းအပြစ်ရှိသောသူဖြစ်သည်ကို ကျွန်ုပ်မသိ။ ကျွန်ုပ်သည် မျက်စိကန်းသောသူဖြစ်ခဲ့၍ ယခုမျက်စိမြင်ရသော အကြောင်းတစ်ခုကိုသာကျွန်ုပ်သိပါသည်ဟုသူတို့အားဆို၏။ သူတို့ကလည်း သူသည် သင်၌အဘယ်သို့ပြုသနည်း။ သင့်မျက်စိကိုအဘယ်သို့ပွင့်စေသနည်းဟုသူ့အားဆိုကြလျှင် သူကကျွန်ုပ်သည် သင်တို့အားပြောရပြီးဖြစ်၍ သင်တို့ကြားရလေပြီ။ အဘယ်ကြောင့်တစ်ဖန် ကြားချင်သနည်း။ သင်တို့သည်လည်း သူ၏တပည့်ဖြစ်လိုကြသလော ဟုသူတို့အားပြန်ပြော၏။ ထိုအခါသူ့ကိုကဲ့ရဲ့၍ဆိုကြသည်ကား သင်သည် သူ၏တပည့်ဖြစ်သလော။ ငါတို့မှာမိုးဇယ်၏ တပည့်ဖြစ်ကြ၏။ ဘုရားသခင်သည် မိုးဇယ်၌ ဗျာဒိတ် ထားတော်မူသည် ကိုငါတို့သိ၏။ ထိုသူမူကား အဘယ်က ဖြစ်သည်ကိုငါတို့မသိ။ ထိုလူကလည်း ပြန်ပြော၍ သူတို့အား ဆိုသည်ကား ဤအရာ၌ အံ့ဩဖွယ်ရှိပေသည်။ သူသည် ကျွန်ုပ်မျက်စိကိုဖွင့်သော်လည်း အဘယ်သူဖြစ်သည်ကို သင်တို့မသိကြ။ ဘုရားသခင်သည်အပြစ်ရှိသောသူတို့ကို နားခံတော်မမူကြောင်းကို ငါတို့သိကြ၏။ ဘုရားသခင်ကို ရှိသေ၍ အလိုတော်ကိုရွက်ဆောင်သောသူဖြစ်လျှင် ထိုသူကို နားခံတော်မူ၏။ အမိဝမ်းတွင်းကပင် မျက်စိကန်းသော သူအား တစ်စုံတစ်ယောက်သောသူသည် မျက်စိပွင့်စေသည်ဟု ကမ္ဘာဦးမှ စ၍မကြားစဖူး။ ထိုသူသည် ဘုရားသခင်က ဖြစ်သောသူ မဟုတ်လျှင် မည်သည့်အရာကိုမျှမတတ်နိုင်။ သူတို့ကလည်းပြန်ပြော၍ သင်သည်မွေးစကပင်တစ်ကိုယ်လုံး၌ အပြစ်စွဲသောသူဖြစ်လျက်နှင့် ငါတို့ကို သွန်သင်ရမည်လောဟု ဆိုကြပြီးလျှင် သူ့ကိုအပြင်သို့ နှင်ထုတ်ကြ၏။ ထိုသူကိုအပြင်သို့နှင်ထုတ်ကြသည်ကို ယေရှုကြားတော်မူပြီးမှ သူ့ကိုတွေ့လျှင် ဘုရားသခင်၏သားတော်ကိုသင် ယုံကြည်၏လောဟုသူ့အားမေးတော်မူ၏။ သူကလည်းသခင်ကျွန်ုပ်ယုံနိုင်မည့်အကြောင်း ထိုသူသည် အဘယ်သူဖြစ်သနည်းဟု ပြန်၍လျှောက်သော် ယေရှုကသူ့ကို သင်မြင်ခဲ့ပြီ၊ ယခုသင်နှင့်စကားပြောသောသူသည် ထိုသူပင်ဖြစ်၏ဟု မိန့်တော်မူလျှင် သူကသခင်ကျွန်ုပ်ယုံကြည် ပါ၏ဟုလျှောက်ပြီးမှ ပျပ်ဝပ်လျက် ကိုယ်တော်ကို ရှိခိုးလေ၏။ ယေရှုကလည်းငါသည် မျက်စိမမြင်သော သူတို့ကို မြင်စေခြင်းငှာ၊ မြင်သောသူတို့ကိုလည်း ကန်းစေခြင်းငှာ စီရင်ဆုံးဖြတ်၍ ဤလောကသို့ရောက်လေပြီဟုမိန့်တော် မူ၏။ ကိုယ်တော်နှင့်အတူ ရှိကြသော အချို့ ဖါရိဇေဦးတို့ကလည်း ကြားလျှင် ငါတို့သည်မျက်စိကန်းသလောဟုကိုယ်တော်အား ဆိုကြ၏။ ယေရှုက သင်တို့ မျက်စိကန်းကြပါလျှင် သင်တို့၌အပြစ်မရှိ။ ငါတို့မြင်ကြ၏ဟု သင်တို့ယခုဆိုကြသောကြောင့် သင်တို့၌ အပြစ်တည်၏ဟု သူတို့အားမိန့်တော်မူ၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*